ဤပုံစံကိုအသုံးပြုရန်အတွက် တရားမပုံစံအမှတ်-၉၆ ကိုကြည့်

( ကြော်ငြာကပ်ရန် )
၁။ အချင်းဖြစ်ပစ္စည်းတည်ရှိရာ
၂။ သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးရုံး
၃။ မြင်းခြံခရိုင်တရားရုံး
၄။ အမှုတွဲလက်ခံ

**ရောင်းချရန်ကြော်ငြာစာ**

**( တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆ )**

**မြင်းခြံခရိုင်တရားရုံးတော်၌**

**၂၀၁၇.ခုနှစ်၊ တရားမဇာရီမှုအမှတ်–၁၀**

| | | |
|---|---|---|
| ၁။ ဦးမြင့်ဆွေ<br>(ကွယ်လွန်သူဒေါ်ငွေဝင်း၏<br>အထွေထွေကိုယ်စားလှယ်<br>စာရသူ)<br>၂။ဒေါ်မိမိမျိုး | နှင့် | ၁။ဒေါ်ကြည်ဝင်း<br>၂။ဦးမျိုးဆွေ<br>၃။ဦးဖိုးပြုံး<br>၄။ဦးအောင်မြင့်ဆွေ<br>၅။ဦးကံအေး<br>၆။ဒေါ်ကြည်တင် |
| **(ဒီကရီအနိုင်ရသူ)** | | **(တရားရှုံးများ)** |

မြင်းခြံခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်–၄၁/၂၀၁၁ အမှု၌ ရရှိခဲ့သော အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းများကို **၂၀၂၄–ခုနှစ်၊ မတ်လ (၄)ရက် (၁၃၈၅–ခုနှစ်၊ တပို့တွဲလဆုတ်(၈)ရက်)နံနက်(၁၀း၀၀)နာရီ**တွင်၎င်းပစ္စည်းများ တည်ရှိရာအရပ်၌ လေလံတင် ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော် လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**<u>လေလံတင်ရောင်းချမည့် စည်းကမ်းချက်များ</u>**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရ သမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း၊ တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည် မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည်အကြောင်း၊ လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်ထားသည့်အတိုင်း ရောင်းချမည် ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံး ဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်သည်။ သို့သော် အမြင့်ဆုံး ပေးသည့် ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချခြင်း၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် (၁၀၀)လျှင် (၂၅)ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက်နေ့ချင်း ပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်း မပြုလျှင် တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ရရှိသူသည် (၂၅)ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင် ရောင်းချ သည့်နေ့ကိုပယ်၍ (၁၅)ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ (၁၅)ရက်မြောက် နေ့သည် ရုံးပိတ်ရက် ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေ ပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါရက်တွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန် လေလံတင် ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၄-ခုနှစ်၊ ဇန်နဝါရီ လ ၁၇ ရက်တွင် ဤရုံးတံဆိပ်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာ ထုတ်ပေး လိုက်သည်။

( တင့်တင့်ဌေး )
ခရိုင်တရားသူကြီး

**ပစ္စည်းစာရင်း**

၁။ တောင်သာမြို့၊ အကွက်အမှတ်(၁၈)ဈေးရပ်ဟုခေါ်တွင်သော ဦးပိုင်အမှတ်(၁၅၀)၊အမှတ်(၄)ရပ်ကွက်ရှိ အရှေ့ လားသော်-ဦးလှအုန်း၊အနောက်လားသော်-လမ်းမ၊ တောင်လားသော်-လမ်းကြား၊မြောက်လားသော်-လမ်ကြား၊ ယင်းနယ်လေးရပ်အတွင်းရှိ ဧရိယာ(၀.၁၅၈)ဧကရှိ ဝိုင်းမြေ(၁)ကွက်၊

ကြမ်းခင်းဈေးကျပ်သိန်း (၃၀၀၀)

၂။ ဖော်ပြပါဝိုင်းမြေပေါ်ရှိ

| | | |
|---|---|---|
| (က) | နှစ်ထပ်တိုက်တစ်လုံး | ကြမ်းခင်းဈေးကျပ်သိန်း(၂၂၀) |
| (ခ) | ဆီစက်ဂိုဒေါင်တစ်လုံး | ကြမ်းခင်းဈေးကျပ်သိန်း(၅၀) |
| (ဂ) | ပါဝါမီတာတစ်လုံး | ကြမ်းခင်းဈေးကျပ်သိန်း(၁၀) |
| (ဃ) | မြင်းကောင်ရေ(၂၅)ကောင်အားရှိမော်တာ(၁)လုံး | ကြမ်းခင်းဈေးကျပ်သိန်း(၁၀) |
| (င) | သံစည်ခုံ(၁)ခု | ကြမ်းခင်းဈေးကျပ်သိန်း(၄၀) |
| (စ) | နှမ်းစကာချခုံ(၁)လုံး | ကြမ်းခင်းဈေးကျပ်သိန်း(၁၅) |
| (ဆ) | ပြောင်းဖြတ်စက်တစ်ခု | ကြမ်းခင်းဈေးကျပ်သိန်း(၅) |
| (ဇ) | ဝါစေ့ကြိတ်ခုံ(၁)ခုံ | ကြမ်းခင်းဈေးကျပ်သိန်း(၅) |
| (ဈ) | ဆီစက်ဂိုဒေါင်ရှေ့တွင်ဆောက်လုပ်ထားသောတိုက်(၁)လုံး | ကြမ်းခင်းဈေးကျပ်သိန်း(၂၅) |

၃။ တောင်သာမြို့၊အမှတ်(၄)ရပ်ကွက်ဈေးရပ်ရှိ အကွက်အမှတ်(၁၈)ဈေးရပ်ဟုခေါ်တွင်သော ဦးပိုင်အမှတ် (၁၀၄)၊ ဧရိယာ(၀.၀၃၉)ဧကရှိ ဝိုင်းမြေကွက်(၁)ကွက်၊

ကြမ်းခင်းဈေးကျပ်သိန်း(၁၅၀၀)

ယင်းမြေကွက်ပေါ်ရှိ

| | | |
|---|---|---|
| (က) | နှစ်ထပ်အိမ်တစ်လုံး | ကြမ်းခင်းဈေးကျပ်သိန်း(၁၄၀) |
| (ခ) | နှစ်ထပ်တိုက်တစ်လုံး | ကြမ်းခင်းဈေးကျပ်သိန်း(၂၅၀) |

စုစုပေါင်းလေလံကြမ်းခင်းဈေး = ကျပ်သိန်း(၅၂၇၀)
အရောင်းကြော်ငြာသွင်းရန်နေ့ = ၃၁.၁.၂၀၂၄
ရောင်းချမည့်နေ့ရက် = ၄.၃.၂၀၂၄
အစီရင်ခံစာပြန်တင်ရန်နေ့ရက်= ၆.၃.၂၀၂၄